# Toshiba portege R830 notebook




2 nd Generation Intel Core™ i5 processor နဲ့ Intel Turbo Boost နည်းပညာကို အသုံးပြုထားတဲ့ စွမ်းဆောင်ရည်မြင့် notebook တစ်လုံးဖြစ်ပြီး သူ့မှာ 640GB SATA ၊ 4GB DDR3 RAM နဲ့ Intel HD Graphic တို့ကို ထောက်ပံ့ပေးထားပါတယ်။ Windows 7 Professional ဖြစ်ကာ finger print ၊ HDMI ၊ 3D HDD sensor ၊ eSATA တို့ပါဝင်ပြီး super multi DVD-RW တပ်ဆင်ပေးထားပါတယ်။

Connectivity ပိုင်းအတွက် Bluetooth (3.0+HS) နဲ့ USB 3.0 တို့ပါ ဝင်ပြီး ၁၃.၃ လက်မအရွယ် HD display တပ်ဆင်ထားတဲ့ ဒီ notebook ဟာ အလေး ချိန် ၁.၃၉ ကီလိုရှိကာ အထူကတော့ ၁.၉ စင်တီမီတာ ရှိပါတယ်။ စွမ်းဆောင်ရည်မြင့် CPU အသုံးပြုထားတဲ့အတွက် battery သက်တမ်းက ၉ နာရီ ခံတယ်လို့ သိရပါတယ်။ ■

တန်ဖိုး $ 1,299 ဝန်းကျင်

KMD Sales & Service Centre

၂၄၅၁၈၀ ၊ ၃၈၄၁၀၉ ၊ ၃၈၅၁၇၇

# MSI B75MA-P45

စီးပွားရေးလုပ်ငန်းငယ်တွေနဲ့ ရိုးရှင်းတဲ့ computer သုံးစွဲမှုတွေအတွက် အဆင်ပြေချောမွေ့စေမယ့် motherboard အမျိုးအစားဖြစ်ပါတယ်။ Intel ရဲ့ 22nm စနစ် 3rd generation Ivy Bridge processor တွေကို ထောက်ပံ့ပေးမယ့် B75 Express chipset ကို အခြေခံထားကာ Ivy Bridge Core i3/i5/i7 နဲ့ Pentium CPU တွေအထိ ထောက်ပံ့ပေးနိုင်ပြီး အရင် Sandy Bridge CPU တွေလည်း အသုံးပြုနိုင်မယ့် socket LGA 1155 ဖြစ်ပါတယ်။ Memory ကို DDR3 1066/1333/1600 နဲ့ 2400 (OC ) အထိ အသုံးပြုခွင့်ရစေမှာ ဖြစ်ပါတယ်။ Graphics ပိုင်းမှာတော့ Gen 3 PCIe x16 ၂ ခု၊ PCIe x1 တစ်ခုနဲ့ PCI slot တစ်ခုပါဝင်ပါတယ်။ CPU ရဲ့ graphics နဲ့ အသုံးပြုဖို့အတွက် DVI ၊ D-Sub ၊ VGA port တွေပါဝင်ပြီး graphics memory 7GB အထိ share လုပ်ကာ အသုံးပြုနိုင်ပါတယ်။ Intel ကတိုက်ရိုက်ထောက်ပံ့ပေးထားတဲ့ USB 3.0 ၄ ခုနဲ့ USB 2.0 ၁၀ ခုအပြင် GB LAN တစ်ခု ထည့်သွင်းပေးထားပါတယ်။ Data သိမ်းဆည်းမှုပိုင်းမှာတော့ SATA 3 Gbs တစ်ခုနဲ့ SATA2 ၅ ခု ပါဝင်ပါတယ်။ အသံစနစ်အတွက် realtek ကို HD audio အထိ ထောက်ပံ့ပေးထားပါတယ်။




Intel ရဲ့ B75 chipset နဲ့အတူ နည်းပညာထောက်ပံ့ချက်အသစ်တွေ ပါဝင်လာကာ လုပ်ငန်းငယ်တွေအတွက် security ပိုင်းမှာ software monitor စနစ်၊ အလွယ်တကူ ပြုလုပ်နိုင်တဲ့ data backup နဲ့ restore စနစ်၊ မလိုလားအပ်တဲ့ USB device အသုံးပြုမှုတွေကို ကာကွယ်နိုင်တဲ့ USB blocker ပါဝင်ပြီး productivity ပိုင်းမှာတော့ PC health center, energy saver, Intel wireless display စတဲ့ နည်းပညာတွေပါဝင်ပါတယ်။ MSI ရဲ့ နည်းပညာထောက်ပံ့ချက်တွေအနေနဲ့ ( GUI ) Graphics User Interface ဖြင့် UEFI BIOS 2 စတဲ့ နည်းပညာတွေ ထည့်သွင်းပေးထားပါတယ်။ ■

Royal Smart CO LTD

၂၄၀၁၁၀ ၊ ၂၅၆၁၄၁

# PJD5126 projector



2,700 lumens brightness နဲ့ constrast ratio 8,000:1 ရှိတဲ့ PJD5126 က ViewSonic ရဲ့ projector အသစ်ဖြစ်ပါတယ်။ သူ့မှာ 180W မီးလုံးတပ်ဆင်ပေးထားကာ သက်တမ်းက normal mode မှာဆိုရင် နာရီ ၅၀၀၀ နဲ့ eco mode မှာဆို နာရီ ၆၀၀၀ အထိ ခံတယ်လို့သိရပါတယ်။ Resolution SVGA 800x600 ရှိတဲ့ ဒီ projector မှာ နောက်ဆုံးပေါ် Brilliant Color™ နဲ့ Dynamic Movie mode တို့ ပါဝင်တာကြောင့် ပြတ်သားတဲ့ ပုံရိပ်တွေကိုပေးစွမ်းနိုင်တဲ့ စွမ်းဆောင်ရည်မြင့် projector တစ်လုံး ဖြစ်ပါတယ်။ RGB input အတွက် DB 15 ၂ ခု၊ S video input တစ်ခု ၊ composite input တစ်ခု ၊ Audio in နဲ့ Audio out တို့အတွက် 3.5mm mini-mono jack တစ်ခုစီ ပါဝင်ပြီး firmware download လုပ်ဖို့နဲ့ mouse အသုံးပြုဖို့အတွက် mini USB port တစ်ခုကိုလည်း ထောက်ပံ့ပေးထားပါတယ်။

Multiple input နဲ့ output interface တွေကြောင့် ချိတ်ဆက်ထားတဲ့ external device တွေကနေ data type တွေ အများကြီးကို အပြောင်းအလဲလုပ်တဲ့အခါ လွယ်ကူချောမွေ့စေပါတယ်။ Build in 2W speaker တစ်လုံး ပါရှိတဲ့အတွက် presentation ပြုလုပ်တဲ့အခါ ရုပ်ပုံတွေသာမက အသံကိုပါ ထုတ်လွှင့်ပေးနိုင်လို့ အဆင်ပြေစေနိုင်ပါတယ်။ ဒါ့ပြင် Dyna-micEco™ mode က မီးလုံးရဲ့ သက်တမ်းကြာရှည်ခံစေဖို့ brightness ကို ၃၀ ရာနိုင်နှုန်းထိ လျှော့ချပေးကာ စွမ်းအင်သုံးစွဲမှုကိုချွေတာပေးပြီး power ရဲ့ ၇၀ ရာနိုင်နှုန်းကို သက်သာစေပါတယ်။ Presentation မလုပ်တဲ့ အချိန်မှာ projector က အလိုအလျောက် DynamicEco™ mode ဖြစ်သွားမှာဖြစ်ပြီး remote ပေါ်က ခလုတ်ကိုနှိပ်ကာ manually လည်းပြုလုပ်နိုင်တယ်လို့ သိရပါတယ်။ ■

တန်ဖိုး ၃၈၅,၀၀၀ ကျပ်ဝန်းကျင်

Royal Ayeyarwaddy CO LTD

၃၈၄၈၅၀၊ ၃၈၉၃၆၆ ၊ ၃၉၄၄၉၄

# PC gamer များအတွက် racing wheel



PC မှာ ကားမောင်းတဲ့ game တွေကစားတဲ့အခါ တုန်ခါမှုတုံ့ပြန်ပေးနိုင်တဲ့ နည်းပညာထည့်သွင်းပေးထားတဲ့အတွက် အပြင်မှာ တကယ့်ကားအစစ်ကို မောင်းနေရသလိုခံစားရမှာ ဖြစ်လို့ game ကစားသူတွေ အကြိုက်တွေ့စေနိုင်ပါတယ်။ Panel ရဲ့ အရှေ့ဘက်မှာ action ၊ ဟွန်းနဲ့ မြင်ကွင်းတွေကိုပြောင်းလဲဖို့အတွက် action button နဲ့ 8 way D-pad တို့ပါဝင်ပါတယ်။ Auto repeat အတွက် turbo ထည့်သွင်းပေးထားကာ ကိုယ့်စိတ်ကြိုက် အရှိန်နဲ့ ဘရိတ်တို့ကို setting ပြုလုပ်နိုင်မှာ ဖြစ်ပါတယ်။

လီဗာနဲ့ ဘရိတ်အတွက်ခြေနင်း ၂ ခု ပါဝင်ကာ LED စက်ဝိုင်းလေးတွေက မြန်နှုန်းနဲ့ ဘရိတ်တို့ကို ညွှန်ပြပေးပါလိမ့်မယ်။ စားပွဲတွေမှာ တပ်ဆင်နိုင်ဖို့အတွက် C-clamp တွေပါဝင်ပြီး Windows Vista ၊ XP ၊ 2000၊ ME နဲ့ 98SE တို့မှာ အသုံးပြုနိုင်ကာ IBM PC Pentium 233 MHz နဲ့အထက်၊ USB port နဲ့ driver installation လုပ်ဖို့အတွက် CD/DVD ROM တို့ လိုအပ်တယ်လို့ သိရပါတယ်။ ■

တန်ဖိုး ၆၂,၀၀၀ ကျပ်ဝန်းကျင်

Micro Computer CO LTD

၂၉၄၅၀၃ ၊ ၂၀၂၄၅၃ ၊ ၃၉၈၈၆၆ ၊ ၃၉၈၈၆၇

# Acer Ultrabook S3-391



Acer Ultrabook Aspire S3 မှာ Intel ရဲ့ 3rd Gen Ivy Bridge ကို အသုံးပြုထားတာ ဖြစ်ပါတယ်။ သာမန်နဲ့မတူတဲ့ ထူးခြားချက်ကတော့ (Ultra-Lightt ၊ Ultra-Slim) ရွှေရောင်သန်းတဲ့ Aluminum Mg-Al အသားကိုအသုံးပြုထားပြီး ချောမွတ်တဲ့မျက်နှာပြင် design ဖြစ်ပါတယ်။

၁.၄ ကီလိုဂရမ် အလေးချိန်ရှိပြီး 13 mm အထူရှိလို့ ပေါ့ပါးပါး လွယ်မှုက သယ်ယူရလွယ်ကူတာ၊ Airflow design က အပြင်ကလေတွေကို စက်ထဲသို့ယူဆောင်ပေးပြီး စက်ကိုအေးမြစေတာ၊ Acer Green Instant On Deep Sleep mode မှာ Windows ကို ပြန်ရောက်ဖို့ ရှိနိုင်ဖို့ ၂ စက္ကန့်ပဲ ကြာတာ၊ Sleep mode 8 နာရီ ထက်ကြာရှိသွားပါက Deep Sleep ကို ပြောင်းလဲသွားပြီး ရက် ၅၀ တိတိ ထားနိုင်တာ (Battery Fully charged ဖြစ်ရပါမယ်)တို့ လို အချက်တွေကလည်း စိတ်ဝင်စားစရာ ကောင်းပါတယ်။ Ultra-Smart Intel 3rd Generation Core i5 3317U (1.7 GHz) ကို သုံးထားတာဖြစ်ပြီး Intel HD 4000 Graphic ပါဝင်တာကြောင့် High Definition support လုပ်နိုင်ပါတယ်။ Turbo boost Technology ပါဝင်ပြီး တစ်ပြိုင်နက် process များကို တပြိုင်နက်တည်း အသုံးပြုနိုင်တာ၊ စွမ်းအင်သုံးစွဲမှုကို ချွေတာပေးနိုင်တာ၊ နည်းပညာအသစ် ဖြစ်တဲ့ Lithium polymer 3 cell battery ကို အသုံးပြုထားပြီး ၆ နာရီအထိ အသုံးပြုနိုင်တာ၊ connection ပေါ်တွင် မူတည်ကာ internet ကို ၂.၅ စက္ကန့်အတွင်း လျင်မြန်စွာ ချိတ်ဆက်အသုံးပြုနိုင်တာ စတဲ့ လုပ်ဆောင်နိုင်စွမ်းတွေလည်း ပါဝင်ပါတယ်။

Beautifully Rich Dolby Sound Dolby Home Theater V4 System ကိုအသုံးပြုထားပြီး Cinema quality ပြည့်မီတဲ့ အသံကို နားထောင်နိုင်ပါတယ်။ Click တစ်ချက်နှိပ်ရုံနဲ့ music ၊ photo နဲ့ video တွေကို ခံစားကြည့်ရှုပြီး မျှဝေသုံးစွဲနိုင်မယ့် clear.fi နဲ့ ချိတ်ဆက်ပြီး နောက်ထပ် content အသစ် တွေကိုလည်း ရှာဖွေကြည့်ရှုနိုင်ပါတယ်။ Memory 4 GB ၊ 500 HDD ပါရှိပြီး ကြည်လင်ပြတ်သားတဲ့ရုပ်ထွက်များကိုပေးနိုင်တဲ့ ၁၃.၃ လက်မအရွယ် HD 1366 x 768 resolution LED LCD display နဲ့ ဖြစ်ပါတယ်။ Card reader နဲ့ bluetooth 4.0 HDMI port ၊ Acer Crystal Eye webcam တို့ကိုလည်း ထည့်သွင်းပေးထားပါတယ်။ သူ့မှာ တင်ထားတဲ့ OS ကတော့ Windows 7 home premium ( Genuine ) ဖြစ်ပါတယ်။ ■

တန်ဖိုး ၇၇၅,၀၀၀ ကျပ်ဝန်းကျင်

Shwe Lamin Nagar CO LTD

၂၂၁၆၈၃၊ ၂၁၇၂၃၃



# Belkin N300 wireless N router

Multibeam နည်းပညာအသုံးပြုထားတာကြောင့် ကိုယ့်ရဲ့အိမ်မှာ high power signal နဲ့ speed 300 Mbps အထိ အသုံးပြုနိုင်ပါတယ်။ ဒီ router အသုံးပြုနိုင်ဖို့ လွယ်ကူတဲ့ setup အဆင့် ၃ ဆင့်ပဲပြုလုပ်ရမှာဖြစ်ပါတယ်။ မြန်ဆန်တဲ့ network connection တွေ ရရှိစေနိုင်ဖို့ ethernet LAN port ၄ ခု ပါဝင်ကာ လုံခြုံစိတ်ချစွာ run နိုင်ဖို့ security setting တွေလည်း ပါဝင်ပြီးသားဖြစ်တယ်လို့ သိရပါတယ်။ ■

တန်ဖိုး ၅၀,၀၀၀ ကျပ်ဝန်းကျင်

Micro Computer CO LTD

၂၉၄၅၀၃ ၊ ၂၀၂၄၅၃ ၊ ၃၉၈၈၆၆ ၊ ၃၉၈၈၆၇

## WindPad Enjoy 10+




MSI ရဲ့ WindPad Enjoy 10+ ဟာ ၁၀ လက်မအရွယ် display မှာ multi-touchpad စနစ် အသုံးပြုထားပါတယ်။ ARM ရဲ့ Cortex A8 ( 1.0GHz ) processor တပ်ဆင်ထားပြီး memory 1GB DDR3 ပါဝင်ပါတယ်။ Data သိမ်းဆည်းဖို့ 8GB ထောက်ပံ့ပေးထားကာ exernal storage 64GB အထိ တိုးချဲ့တပ်ဆင်အသုံးပြုနိုင်မှာ ဖြစ်ပါတယ်။

Dual camera စနစ်ပါဝင်တဲ့အတွက် social website တွေနဲ့ တိုက်ရိုက်ချိတ်ဆက်ပြီး ကြည်လင်ပြတ်သားတဲ့ပုံရိပ်တွေကို မျှဝေပေးနိုင်ပါလိမ့်မယ်။ သူ့မှာ အသုံးပြုထားတဲ့ battery က Li-ion 3500 mAh battery ဖြစ်ပြီးသူ့မှာ Android 2.31 OS ကို တင်ထားကာ ARM Cortex A8 processor 1.0 GHz ၊ 1GB RAM ၊ 8 GB internal stora-gey တို့ ပါဝင်ပါတယ်။ Micro-SD card solt ၊ 2 megapixel rear & front facing camera ၊ mini USB ၊ mini HDMI ၊ GPS ၊ accelerometer sensor နဲ့ ambient light sensor စတာတွေလည်း ပါဝင်ပါတယ်။ ■

တန်ဖိုး ၂၄၁,၀၀၀ ကျပ်ဝန်းကျင်

Royal Smart CO LTD

၂၄၀၁၁၀ ၊ ၂၅၆၁၄၁

---

## ADATA C906 flash drive




ဒီ C906 flash drive မှာ အဖုံးအကြည်လေးပါဝင်ပြီး အဲ့ဒီအဖုံးကို flash ရဲ့နောက်မှာ ပြန်စွပ်ထားနိုင်တဲ့အတွက် အဖုံးပျောက်မှာ စိတ်မပူရတော့ပါဘူး။ ရွေးချယ်စရာအရောင်တွေအနေနဲ့ အဖြူရောင်နဲ့အနက်ရောင် အရောင် ၂ မျိုး ရှိပြီး အာမခံသက်တမ်း တစ်နှစ် ( one to one replacement ) ပေးထားတယ်လို့ သိရပါတယ်။ ■

| | | |
|---|---|---|
| တန်ဖိုး | 8GB | $ 8.4 ဝန်းကျင် |
| | 16GB | $ 17.5 ဝန်းကျင် |
| | 32GB | $ 32.5 ဝန်းကျင် |

Micro Computer CO LTD

၂၉၄၅၀၃ ၊ ၂၀၂၄၅၃ ၊ ၃၉၈၈၆၆ ၊ ၃၉၈၈၆၇

---

## Genius slim star 8000



2.4GHz wireless keyboard combo ဖြစ်ကာ keyboard ရဲ့ design က ပါးလျပြီးအသုံးပြုတဲ့အခါ ကောင်းမွန်တဲ့ တုံ့ပြန်မှုပေးနိုင်စေဖို့ key တွေကို ပြုလုပ် ပေးထားပါတယ်။ အသံအတိုးအချဲ့ ပြုလုပ်ဖို့အတွက် key ၂ ခု ပါကာ 1200 dpi sensor ရှိတဲ့ mouse ပါဝင်တာပါတယ်။ ■

တန်ဖိုး ၂၄,၀၀၀ ကျပ်ဝန်းကျင်

Micro Computer CO LTD

၂၉၄၅၀၃ ၊ ၂၀၂၄၅၃ ၊ ၃၉၈၈၆၆ ၊ ၃၉၈၈၆၇

# XGA projector : PJD6243



ViewSonic ရဲ့ PJD6243 ကဆန်းသစ်ထားတဲ့ networkable DLP™ projector ဖြစ်ပါတယ်။ ပိုပြီးတောက်ပရွှန်းစိုတဲ့ အရောင်တွေရရှိစေဖို့ BrilliantColor™ နည်းပညာကိုအသုံးပြုထားကာ 3200 ANSI lumens ၊ 3000:1 high contrast ratio နဲ့ 1024x768 resolution တို့ကြောင့် ဘယ်လို အခြေအနေမျိုးမှာမဆို တောက်ပတဲ့အလင်းရောင်ကို ပေးစွမ်းနိုင်ပါတယ်။ 240 watt မီးလုံးတပ်ဆင်ပေးထားပြီး normal mode မှာ ၃၅၀၀ နာရီခံပြီး eco mode မှာဆိုရင် နာရီ ၅၀၀၀ ခံတယ်လို့ သိရပါတယ်။

Connector တွေအနေနဲ့ HDMI 1.3 port တစ်ခု ၊ RCA jack တစ်ခု ၊ 15 pin mini D-sub ၊ S video input 4pin mini DIN ၊ Audio input 3.5mm mini jack ၂ ခု၊ Audio output 3.5 mm mini jack တစ်ခုနဲ့ Mini USB (mouse control & service) တို့ ပါဝင်ပါတယ်။ ဒီ PJD6243 projector က စာသင်ခန်းတွေနဲ့ ရုံးတွေမှာ အစည်းအဝေးလုပ်တဲ့ အခါ သုံးဖို့အဆင်ပြေစေနိုင်ပါတယ်။ ■

တန်ဖိုး ၆၁၀,၀၀၀ ကျပ်ဝန်းကျင်

**Royal Ayeyarwaddy CO LTD**

၃၈၄၈၅၀၊ ၃၈၉၃၆၆၊ ၃၉၄၄၉၄

# Trio racer F1 racing wheel

Genius Trio racer F1 racing wheel ဟာ game ဆော့နေတယ်လို့ မခံစားရဘဲ အပြင်မှာ တကယ့်ကားအစစ်ကိုမောင်းနေရသလို ဖန်တီးပေးနိုင်တယ်လို့ သိရပါတယ်။ Game ကစားသူတွေအတွက် သက်သောင့်သက်သာရှိစေမယ့် design ဖြစ်ပြီး အာမခံတစ်နှစ်ပေးထားတယ်လို့ သိရပါတယ်။ PC ၊ PS3 ၊ Wii နဲ့ game cube တွေနဲ့ တွဲဖက်အသုံးပြုနိုင်မှာ ဖြစ်ပါတယ်။ ■



တန်ဖိုး ၅၀,၀၀၀ ကျပ်ဝန်းကျင်

**Micro Computer CO LTD**

၂၉၄၅၀၃ ၊ ၂၀၂၄၅၃ ၊ ၃၉၈၈၆၆ ၊ ၃၉၈၈၆၇



# Genius LuxeMate i202

Genius တံဆိပ် wireless multimedia keyboard ဖြစ်ပြီး ကျစ်လျစ်ကာ နေရာယူသက်သာတဲ့အတွက် သုံးရတာ အဆင်ပြေစေနိုင်ပါတယ်။ Apple device တွေပေါ်က key တွေလိုပါပဲ စာရိုက်ရာမှာ သက်သောင့်သက်သာရှိပြီး နူးညံ့တဲ့အထိအတွေ့ကို ပေးစွမ်းနိုင်ပါတယ်။ Internet ၊ email နဲ့ media player တွေ အသုံးပြုတဲ့အခါ လွယ်ကူအဆင်ပြေစေဖို့ function key ၁၂ ခု ပါရှိတယ်။ ■

တန်ဖိုး ၁၃,၀၀၀ ကျပ်ဝန်းကျင်

**Micro Computer CO LTD**

၂၉၄၅၀၃ ၊ ၂၀၂၄၅၃ ၊ ၃၉၈၈၆၆ ၊ ၃၉၈၈၆၇

# MSI U180 wind netbook



ပေါ့ပါးလှပတဲ့ netbook တစ်မျိုးဖြစ်တဲ့ MSI U180ဟာ စွမ်းဆောင်ရည်မြင့်မားပြီး ပေါ့ပါးအကြမ်းခံမှုနဲ့ function တွေအချိုးအစားညီတဲ့ battery ၇.၅ နာရီခံ netbook လေးဖြစ်ပါတယ်။ မျက်နှာပြင်အရွယ်အစား ၁၀.၁ လက်မရှိပြီး 1024x600 resolution ရှိတဲ့ ultra slim LCD display ကို တပ်ဆင်ထားတာဖြစ်ပြီး Intel® NM10 Express Chipset ၊ DDR3 2GB ( Max:4GB ) ၊ 320 GB SATAတို့ကို တပ်ဆင်ထားတာဖြစ်ပါတယ်။ သူ့မှာ connecitivity အနေနဲ့ Gigabit LAN ၊ WLAN 802.11 b/g/n ၊ blurtooth 3.0+HS ၊ 1.3M webcam ၊ HDMI ၊D-Sub ၊2-in-1 card reader တို့ကို ထည့်သွင်းပေးထားပါတယ်။ သူ့မှာ Exclusive TDE (Turbo Drive Engine) technology ၊ Super Long Battery Life နဲ့ Easy Face Logon Software တို့လို နည်းပညာတွေကိုလည်း ထည့်သွင်းပေးထားပါတယ်။ Battery ကတော့ 6 Cells battery ကို သုံးထားတာပါ။ ■

တန်ဖိုး ၂၆၆,၀၀၀ ကျပ်ဝန်းကျင်

Royal Smart CO LTD

၂၄၀၁၁၀ ၊ ၂၅၆၁၄၁

# Acer Aspire V3 471G (i5)



ပုံစံဆန်းပြားပြီးတော့ လှပတဲ့ back cover ၊ ထိမိုက် ပွန်းပဲ့တဲ့ဒဏ်ကို ကာကွယ်နိုင်ပြီး တောင့်တင်းတဲ့ design နဲ့ Aspire series ကိုဆန်းသစ်ထားတဲ့ Aspire V series ဖြစ်ပါတယ်။ Keypad ကို သန့်ရှင်းရသက်သာပြီး အလွယ်တကူ key တွေပြုတ်ထွက်မသွားနိုင်တဲ့ Island design နဲ့ပြုလုပ်ထားကာ numeric keypad ကို ထည့်သွင်းပေးထားတာကြောင့် သဘောကျစရာဖြစ်ပါတယ်။ အနက်ရောင်နဲ့ ရွှေအိုရောင် ဆိုပြီး အရောင် ၂ မျိုးနဲ့ ရရှိနိုင်ပါတယ်။

Intel ရဲ့ core i5 2450M ကို အသုံးပြုထားပြီး စွမ်းဆောင်ရည်ကို အလိုအလျောက်မြှင့်တင်ပေးမယ့် Turbo boost technology အရ 2.5 GHz မှ 3.1 GHz အထိ တိုးမြှင့်လုပ်ဆောင်နိုင်ပါတယ်။ Nvidia ရဲ့ Geforce GT 630 M graphics 1GB သီးခြားထည့်သွင်းပေးထားပြီး မြန်နှုန်းမြင့် DDR3 4GB memory တပ်ဆင်ပေးထားတဲ့ စွမ်း ဆောင်ရည်မြင့် notebook တစ်လုံး ဖြစ်ပါတယ်။ 750 GB HDD နဲ့ DVD- super multi drive တို့ ဖြည့်ဆည်းပေးထားပါတယ်။ ကြည်လင်ပြတ်သားတဲ့ 14" HD screen ၊ HD Webcam ၊ HDMI Port တို့ ပါဝင်ပြီး Dolby home theater system ကို အသုံးပြုထားပါတယ်။ Acer Nplify 802.11 a/g/n Wi-Fi ၊ bluetooth4.0 ၊ USB 3.0 ၊ card reader တို့ ထောက်ပံ့ပေးထားကာ 6 cell battery တပ်ဆင်ပေးထားပါတယ်။ ■

တန်ဖိုး ၅၈၆,၀၀၀ ကျပ်ဝန်းကျင်

Shwe Lamin Nagar CO LTD

၂၂၁၆၈၃၊ ၂၁၇၂၄၄

## Genius G pen F509



G pen F509 ကို USB အသုံးပြုကာ computer နဲ့ ချိတ်ဆက် အသုံးပြုနိုင်ပါတယ်။ သူ့ရဲ့ 4" x 5.5" screen ပေါ်မှာ ကိုယ်ကြိုက်နှစ်သက်တာတွေကို ရေးဆွဲနိုင်ဖို့ cordless pen တစ်ချောင်းပါဝင်ပါတယ်။ ရေးဆွဲလိုက်တာတွေဟာ computer ထဲမှာ ကိုယ်ရွေးချယ်ထားတဲ့ application နဲ့ ပေါ်လာမှာ ဖြစ်ပါတယ်။ Resolution 2000 Lpi ရှိပြီး macro key ၂၆ ခု ပါဝင်ကာ Windows 2000၊ XP၊ Vista နဲ့ Mac တွေမှာ အသုံးပြုနိုင်ပါတယ်။ အသုံးပြုမယ်ဆိုရင်တော့ software CD run ပေးဖို့ လိုအပ်ပါတယ်။G pen F509 ကို တစ်နှစ်အာမခံပေးထားတယ်လို့ သိရပါတယ်။

တန်ဖိုး ၈၄,၀၀၀ ကျပ်ဝန်းကျင်

Micro Computer CO LTD

၂၉၄၅၅၀၃ ၊ ၂၀၂၄၅၅၃ ၊ ၃၉၈၈၆၆ ၊ ၃၉၈၈၆၇

## MSI FX 420 fashion series




သူ့ရဲ့ မျက်နှာပြင်အရွယ်အစားက ၁၄ လက်မဖြစ်ပြီး သေသပ်တဲ့ပုံစံရှိပါတယ်။ HD64701GB D3 graphics ပါရှိတဲ့အတွက် performance ကောင်းကောင်းနဲ့ နည်းပညာအစုံအလင်ပါဝင်တဲ့အတွက် သုံးစွဲသူကိုပါ style ကျစေမယ့် notebook ဖြစ်ပါတယ်။ Intel® Sandy Bridge ( B960) 2.2 GHz CPU၊ Intel HM65 Express Chipset၊ DDR3 2GB ( Max: 8GB)၊ 500GB SATA ( 7200RPM ) တို့ပါဝင်ပြီးတော့ ကွန်ရက်ချိတ်ဆက်မှုတွေအနေနဲ့ 10/100/1000 ethernet LAN၊ WLAN 802.11 b/g/n၊ HD webcam၊ HDMI၊ bluetooth ၊ card reader စတာတွေ ပါဝင်ပါတယ်။

တန်ဖိုး ၄၄၇,၀၀၀ ကျပ်ဝန်းကျင်

Royal Smart CO LTD

၂၄၀၁၁၀ ၊ ၂၅၆၁၄၁

## USB 4 port travel hub




ဆန်းသစ်တဲ့ design နဲ့ Belkin ရဲ့ 4 port hub ဖြစ်ပြီး ကြိုးကို ပတ္တည်းမှာ ပတ်ထားနိုင်ပါတယ်။ ကိုယ့်ရဲ့ iPod ၊ camera ၊ တခြား USB device တွေနဲ့ computer နဲ့ ချိတ်ဆက်ကာ port ၄ ခုလုံး အသုံးပြုနိုင်ပါတယ်။ အာမခံသက်တမ်း တစ်နှစ်ပေးထားတယ်လို့ သိရပါတယ်။

တန်ဖိုး ၁၀,၃၀၀ ကျပ်ဝန်းကျင်

Micro Computer CO LTD

၂၉၄၅၅၀၃ ၊ ၂၀၂၄၅၅၃၊ ၃၉၈၈၆၆၊ ၃၉၈၈၆၇



# Acer ASM1935

ရုံးလုပ်ငန်းတွေနဲ့ အိမ်တွင်းအသုံးပြုဖို့ အထူးသင့်တော်မယ့် branded desktop တစ်မျိုးဖြစ်ပါတယ်။ Second Generation Processor ၊ Intel Dual Core G630 ( 2.7 GHz ) ကို တပ်ဆင်ထားပြီး DDR3 2 GB Memory ပါရှိတာကြောင့် Multitasking တွေကို ကောင်းကောင်းထောက်ပံ့ အလုပ်လုပ်ပေးနိုင်ပါတယ်။ HDD 500 GB ကလည်း data တွေကို လုံလောက် စွာသိမ်းဆည်းပေးနိုင်မှာပါ။ DVD Super Multi Double Layer တပ်ဆင် ထားပါတယ်။

GbLAN ပါရှိခြင်းတွေက computers နဲ့ လွယ်ကူစွာချိတ်ဆက်အသုံး ပြုနိုင်ပါတယ်။ Acer Keyboard ၊ Mouse ၊ Speaker များအသင့်ပါရှိတာမို့ Acer Monitor တွေနဲ့ တွဲဖက်အသုံးပြုပြီး Acer Branded Desktop အဖြစ် ဆင်လို့ရနိုင်ပါတယ်။ ■

တန်ဖိုး ၃၃၂၀၀၀ ကျပ်ဝန်းကျင် (Without Monitor)

Shwe Lamin Nagar CO LTD

၂၂၁၆၈၃၊ ၂၁၇၂၃၃

# MSI Winpad Enjoy 10

MSI ရဲ့ tablet Winpad Enjoy 10မှာ ၁၀ လက်မအရွယ် display ပါဝင်ပြီး multi-touch pad စနစ် အသုံးပြုထားတဲ့ အပြင် resolution က 1024 x 768 pixels ရှိပါတယ်။ Processor ကိုတော့ ARM ရဲ့ Cortex A8 (1.0 GHz) တပ်ဆင်ထားပြီး memory 512 MB DDR3 တပ်ဆင်ပေးထားတယ်လို့ ပါတယ်။ Andriod version 2.3 (Gingerbread ) ဖြစ်ကာ အလွယ်တကူ အသုံးပြုနိုင်မယ့် dual camera စနစ်ပါဝင်တာမို့ social website တွေနဲ့ တိုက်ရိုက်ချိတ်ဆက်ပြီး ကြည်လင်ပြတ်သားတဲ့ ပုံရိပ်တွေကို မျှဝေနိုင်မှာဖြစ်ပါတယ်။




Data သိမ်းဆည်းဖို့ 8GB ထည့်သွင်းပေးထားပြီး external storage ကို 64GB အထိတပ်ဆင်နိုင်ပါတယ်။ I/O port တွေ အနေနဲ့ mini-HDMI တစ်ခု၊ micro-SD card slot တစ်ခုနဲ့ head phone jack တစ်ခု ပါရှိပါတယ်။ Network ချိတ်ဆက်ဖို့အတွက် 802.11 b/g/n wireless စနစ်အပြင် bluetooth v2.1 လည်းပါဝင်ပါတယ်။

Smart media link နည်းပညာက media sharing တွေကို အလွယ်တကူလုပ်ဆောင်နိုင်မှာဖြစ်ပြီး HD Game တွေကို ခံစားမှု အပြည့်အဝ ပေးစွမ်းမှာဖြစ်ပါတယ်။ Design က ပါးလွှာပြီး ပေါ့ပါးအကြမ်းခံပါတယ်။ Battery ကို polymer battery တပ်ဆင်ပေးထားပြီး ၅ နာရီကြာ stand by အနေအထားနဲ့ အသုံးပြုနိုင်တယ်လို့ သိရပါတယ်။ Media sharing အနေနဲ့ သာမက entertainment device အဖြစ်ပါ အသုံးပြုနိုင်မှာဖြစ်ပါတယ်။ ■

Royal Smart CO LTD

၂၄၀၁၁၀ ၊ ၂၅၆၁၄၁

# MSI CX 480-i5 classic series



၁၄ လက်မအရွယ် HD LED Backlight 16:9 ( 1366x768 HD ) မျက်နှာပြင်နဲ့ MSI CX 480-i5 မှာ Nvidia Geforce GT 520M DDR3 1GB ၊ Intel Sandy Bridge Core i5 ( 2450M ) 2.5 GHz CPU ၊ Intel HM65 express chipset ၊ DDR3 2GB 1333MHz ( Max: 8GB ) ၊ 500GB SATA (7200 RPM ) စတာတွေ ပါဝင်ပါတယ်။ Auto power switch တပ်ဆင်ထားတဲ့ အတွက် laptop အဖုံးကိုဖွင့်လိုက်တာနဲ့ Windows တက်လာမှာဖြစ်ပါ တယ်။ Data ပျက်ဆီးဆုံးရှုံးမှုတွေ ကနေ ကာကွယ်ပေးမယ့် one key recovery technology အပြင် သဘာဝအတိုင်းအံဝင်ခွင်ကျ ဖြစ်စေဖို့ auto brightness နည်းပညာပါ ပါဝင်တဲ့ အတွက် ကိုယ်အသုံးပြုတဲ့နေရာရဲ့ အလင်းအမှောင်ကို အလိုအလျောက် ချိန်ညှိပေးပြီး battery life (bench mark time) က ၆.၅ နာရီခံပါတယ်။ သူ့မှာ DVD SuperMulti ၊ 10/100/1000 Mbps LAN ၊WLAN 802.11 b/g/n ၊ Card Reader 6 in 1 ၊ USB 3.0 ၊SRS PC Sound ၊ HDMI ၊bluetooth 3.0 ၊ D-Sub နဲ့ 1.3M Webcam တို့ ပါဝင်ပါတယ်။ ■

တန်ဖိုး ၅၅၉,၀၀၀ ကျပ်ဝန်းကျင်
Royal Smart CO LTD
၂၄၀၁၁၀ ၊ ၂၅၆၁၄၁



# MSI WINDTOP AE 2071 All-in-One PC

Power စားသုံးမှု 35W သာရှိပြီး multitouch screen အမျိုးအစား ဖြစ်ပါတယ်။ အရွယ်အစားကတော့ ၂၀ လက်မဖြစ်ပြီး 1600x900 resolution ရှိတဲ့ မြင်ကွင်းကျယ် မျက်နှာပြင်ပါ။ ပါးလွှာပြီး နေရာယူမှု နည်းတဲ့အပြင် design ကစွဲမက်ဖွယ် အကြည်ရောင်ဘောင်နဲ့ ဖွဲ့စည်းထားလို့ ရုံးနဲ့လုပ်ငန်းသုံးသာမက အိမ်တွင်းဖျော်ဖြေမှုတွေပါ အသုံးဝင်စေမယ့် entertainment series All-in-One PC ဖြစ်ပါတယ်။

သူ့မှာ Intel® Sandy Bridge G630 ( 2.7 GHz ) 2 cores 4 threads CPU ၊ Intel® H61 Express Chipset ၊ integrated Intel HD Graphics 1000 ၊ DDRS 2GB 1066 MHz (2G*1 ) (Max:8GB ) ၊ 500GB SATA စတဲ့ ပါဝင်ပစ္စည်းတွေရှိပါတယ်။ Tray-in DVD Super Multi ၊ 10/100/100 Mbps LAN ၊ WLAN 802.11 b/g/n ၊ 1.3 MP webcam (with microphone) ၊ card reader 6-in-1 ) ၊ 2xUSB 3.0 ၊ 4xUSB 2.0 ၊ HDMI port ၊ 2x3W speaker with SRS Premium Sound Audio စတာတွေလည်း ပါဝင်ပါတယ်။ ■

တန်ဖိုး ၅၇၂,၀၀၀ ကျပ်ဝန်းကျင်
Royal Smart CO LTD
၂၄၀၁၁၀ ၊ ၂၅၆၁၄၁

# Genius USB game pad




ဒီ Genius တံဆိပ် MaxFire grandias USB game pad မှာ 8 way D-Pad/ action တွေ ပါဝင်တဲ့အတွက် စွမ်းဆောင်ရည်မြင့်ပြီး အပစ်အခတ်နဲ့ action game တွေ ကစားတဲ့နေရာမှာ စိတ်ကျေနပ်မှု အပြည့်ပေးနိုင်ပါလိမ့်မယ်။ Auto repeat လုပ်ဖို့အတွက် turbo button ပါရှိပါတယ်။ Driver မလိုအပ်ဘဲ plug ပေါက်မှာတပ်ပြီး ကစားနိုင်သလို USB နဲ့ချိတ်ဆက်ပြီးတော့လည်း ကစားနိုင်တယ်လို့ သိရပါတယ်။ ထောက်ပံ့ပေးနိုင်တဲ့ Windows တွေကတော့ Vista၊ XP၊ 2000၊ ME နဲ့ 98SE တို့ဖြစ်ပါတယ်။ System လိုအပ်ချက်တွေကတော့ PC pentium 233 MHz နဲ့အထက် ရှိရမှာဖြစ်ပြီး USB port ပါဝင်ရပါမယ်။ ■

တန်ဖိုး ၉,၀၀၀ ကျပ်ဝန်းကျင်

**Micro Computer CO LTD**

၂၉၄၅၀၃ ၊ ၂၀၂၄၅၃ ၊ ၃၉၈၈၆၆ ၊ ၃၉၈၈၆၇

---

# Toshiba satellite C640 notebook




Toshiba satellite C640 notebook မှာ Intel pentium dual core B960 (2.2 GHZ, 3MB, L3 cache) ကို အသုံးပြုထားပါတယ်။ Memory 2GB DDR3 RAM နဲ့ 500GB SATA တို့ ပါဝင်ကာ ၁၄ လက်မ HD LED display တပ်ဆင်ပေးထားပါတယ်။ Super multi DVD-RW ၊ card reader ၊ 6 cells battery တို့ကို ထောက်ပံ့ပေးထားတဲ့အပြင် Wi-Fi အသုံးပြုနိုင်ကာ အာမခံ တစ်နှစ်ပေးထားတယ်လို့ သိရပါတယ်။ ■

တန်ဖိုး ၃၇၀,၀၀၀ ကျပ်ဝန်းကျင်

**KMD Sales & Service Centre**

၂၄၅၁၈၀ ၊ ၃၈၄၁၀၉ ၊ ၃၈၅၁၇၇

---

# MSI CR430- AMD classic series




ဈေးနှုန်းနဲ့စွမ်းဆောင်ရည်အချိုးအစားညီ laptop လေးဖြစ်ပြီး စွမ်းဆောင် ရည်ပိုင်းသာလွန်ကောင်းမွန်တဲ့ AMD Dualcore (E2-1800) 1.7 GHz processor ကိုအသုံးပြုထားပါတယ်။ ဒီ notebook ရဲ့ မျက်နှာပြင်က ၁၄ လက်မအရွယ် 1366x768 resolution နဲ့ LED အမျိုးအစားဖြစ်ပါတယ်။ AMD graphics HD7340 နဲ့ DDR3 2GB ( Max: 8GB ) memory ၊ 320 GB SATA / DVD Super-Multi တို့ပါဝင်ပါတယ်။ သူ့မှာ ဆက်သွယ်နိုင်မှုတွေ အနေနဲ့ HDMI ၊ USB3.0 ၊ 10/100/1000 Mbps LAN ၊ WLAN 802.11 b/g/n ၊ bluetooth V2.1+EDR ၊ HD webcam ၊ card reader 4-in-1 ( SD, SDHC, MMC, MS )စတာတွေ ပါဝင်ပါတယ်။ သူ့ရဲ့ battery ကတော့ 6 Cells ဖြစ်ပြီး Exclusive ECO Engine Power Management System လည်းပါဝင်ကာ SRS Premium Sound စနစ်ကို အသုံးပြုထားတာဖြစ်ပါတယ်။ သူ့ရဲ့ အလေးချိန်ကတော့ ၂.၂ ကီလိုဂရမ် ရှိတာဖြစ်ပါတယ်။ ■

တန်ဖိုး ၃၄၁,၀၀၀ ကျပ်ဝန်းကျင်

**Royal Smart CO LTD**

၂၄၀၁၁၀ ၊ ၂၅၆၁၄၁